# မျှတသောကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုအတွက်မျှော်လင့်ချက်

## နိဒါန်း

၁၉၉၀ ပြည့်လွန်နှစ်များမှစတင်၍ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုအကြောင်း လူသိများလာကြပါသည်။ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု (globalization) ကို အများနားလည်ထားကြသည့်အတိုင်း အဓိပ္ပာယ်ရှင်းလင်းဖော်ပြရမည်ဆိုလျှင် “ပို့ဆောင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာတို့၏ တော်လှန်ပြောင်းလဲသော တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်နှင့် အလွယ်တကူရယူသုံးစွဲနိုင်မှုတို့ကြောင့် နိုင်ငံများ၏စီးပွားရေး၊ လူမှုအသိုက်အဝန်းနှင့် ယဉ်ကျေးမှုရေးရာတို့သည် ကမ္ဘာတစ်ဝန်းလုံးတွင် နီးကပ်စွာဆက်နွယ်ရောယှက်ဖြစ်ပေါ်နေခြင်း” ကို ဆိုလိုပါသည်။ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်ရာတွင် ကုန်ပစ္စည်းနှင့် ငွေကြေးဈေးကွက်များ လွတ်လပ်လာမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ ကြီးပွားတိုးတက်မှုဖန်တီးရေးတို့သည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပေါ်ပေါက်လာရန် မျှော်လင့်နိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအမျိုးမျိုးဖြင့် နိုင်ငံစုံအစုအဖွဲ့တို့သည် ယခုအခါ ကမ္ဘာဘုံကျယ်သရွေ့ လက်လှမ်းမှီနေကြသည့်အပြင် ယခင်ကလုပ်ရိုးလုပ်စဉ်မဟုတ်သော ဈေးကွက်သဘောတရားများဖြင့် စက္ကန့်ပိုင်းအတွင်း အင်တာနက်မှငွေကြေးနှင့် အရင်းဈေးကွက်များကို လက်လွှဲလက်ပြောင်းပြုလုပ်နေကြခြင်း၊ အရည်အချင်းမြင့်မားသောလုပ်သားများနှင့် အလုပ်အကိုင်နေရာများကို ရွှေ့ပြောင်းလျက်ရှိနေကြခြင်းတို့သည် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု၏အကျိုးဆက်များပင်ဖြစ်ပါသည်။

စင်စစ် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့သည် ယခုခေတ်မှာမှ ရှိသည်မဟုတ်ပါ။ ရှေးပဝေသဏီကတည်းက ရှိခဲ့ပါသည်။ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုသည် ထိုစဉ်ကတည်းက စတင်ရိုက်ခတ်ခဲ့သည်ဟုဆိုနိုင်ပါသည်။ ဤကမ္ဘာမြေတွင် ရိုက်ခတ်ခဲ့သော ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုအပိုင်းများ၊ သို့မဟုတ် လှိုင်းလုံးများ မြောက်မြားစွာတို့အနက် လူအတော်များများ သတိပြုမိကြစရာ ကြီးမားသောလှိုင်းလုံးကြီးတစ်ခုသည် စက်မှုတော်လှန်ရေးကာလနှောင်းပိုင်း ၁၉ ရာစုအကုန် ၂၀ ရာစုအစပိုင်း၌လည်း ဖြစ်ပေါ်ခဲ့ဖူးပါသည်။ သို့ရာတွင် ထိုစဉ်က နိုင်ငံများ၏နယ်နိမိတ်၊ စီးပွားရေးလုပ်ငန်းနယ်မြေတို့ကို တစ်နိုင်ငံနှင့်အခြားတစ်နိုင်ငံ၊ တစ်အုပ်စုနှင့်အခြားတစ်အုပ်စုတို့ အကြောက်အကန် တားဆီးကာကွယ်ခဲ့ကြသဖြင့် ပေါင်းစည်းညီညွတ်မှုအလားအလာများ ပျက်ပြားခဲ့ရပါသည်။ သို့ရာတွင် ယနေ့ဖြစ်ပေါ်နေသော ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု၏ ထူးခြားချက်များမှာ အဖွဲ့အစည်းအချင်းချင်း၊ နိုင်ငံအချင်းချင်း ဆက်ဆံရေးစွမ်းအားကြီးမားလာခြင်းနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ပြင်းအားမြင့်မားနေခြင်းတို့ပင်ဖြစ်ပါသည်။ ဤအခြေအနေသို့ရောက်ရှိလာရခြင်းမှာ အဖွဲ့အစည်းများ၊ နိုင်ငံများတွင် ကုန်ပစ္စည်းနှင့် ငွေကြေးအများအပြားကို လျင်မြန်စွာလွှဲပြောင်းလုပ်ကိုင်နိုင်စွမ်းရှိကြခြင်း၊ ငွေကြေးဈေးကွက်အလုံအလောက်ရှိခြင်းနှင့် အလုပ်လုပ်ရန် အရင်းအနှီးမြောက်မြားစွာရှိနေကြခြင်းတို့ကြောင့်ပင်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု၌ စွန့်စားမှုနှင့်စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်ပါသည်။ ယခုအချိန်အထိ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု၏ အကျိုးကျေးဇူးများကို နိုင်ငံတစ်ခုအတွင်းမှာသော်လည်းကောင်း၊ နိုင်ငံအများအပေါ်တွင်သော်လည်းကောင်း အညီအမျှခွဲဝေခံစားခွင့်မရရှိကြသေးပါ။ အကယ်၍သာ လူအများသည် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုကို အခွင့်အရေးတစ်ရပ်အနေဖြင့် မမြင်ဘဲ ခြိမ်းခြောက်မှုအသွင် ရှုမြင်လာကြမည်ဆိုလျှင် နိုင်ငံများက စီးပွားရေး၊ လူမှုအသိုက်အဝန်းနှင့် ယဉ်ကျေးမှုရေးရာတို့သည် ကမ္ဘာနှင့်အဝန်းကျယ်ပြန့်သော ကွန်ယက်ကြီးအတွင်း လျင်မြန်စွာဆက်စပ်ပေါင်းစည်းရမည့်အရေးကို ကြောက်ရွံ့ခြင်း၊ ရန်းထွက်ရန်ကြိုးစားခြင်းနှင့် ကြမ်းတမ်းစွာတုံ့ပြန်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့်ပင်လျှင် ကျွန်ုပ်တို့သည် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုဖြစ်စဉ်ကြီးကို လူမှုအသိုက်အဝန်းရေးရာမျက်နှာစာသို့စောင်းပေး၍ ပိုမိုကောင်းမွန်သော အပြုသဘောဆောင်သည့်ဘောင်အတွင်းပါဝင်လာရအောင် (တစ်နည်းအားဖြင့်) ပိုမိုမျှတလာရအောင် နေရာချထားပေးရန် လိုအပ်ပေသည်။

## ဘယ်သူရှင်သန်နိုင်မည်လဲ

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်အရောက်တွင် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုသည် ကမ္ဘာသူကမ္ဘာသားများအား အံ့မခန်းအစွမ်းကို စတင်ပြသခဲ့ပါသည်။ လူတန်းစားပေါင်းစုံ၊ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်နိုင်ခွင့်ကို အင်တာနက်ကွန်ယက်များတွင် လမ်းဖွင့်ပေးထားခဲ့သည်။ ပထဝီအကွာအဝေးကို ထည့်သွင်းစဉ်းစားစရာမလိုပါ။ အတတ်ပညာ အဆင့်အတန်းအလိုက်

အလုပ်အကိုင် ထိရောက်မှုတိုးတက်ခဲ့သည်။ ကမ္ဘာ၏မည်သည့်ဒေသတွင်မဆို ဖြစ်ပေါ်နေသော သတင်းအချက်အလက်များကို သတင်းဖြစ်ပေါ်နေသော အခိုက်အတန့်မှာပင်လျှင် တစ်ကမ္ဘာလုံးမှ သိရှိမြင်တွေ့နေရသည်။ နာနိုနည်းပညာ၊ ဇီဝနည်းပညာ အပါအဝင် နည်းပညာသစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်အသစ်တို့ ပေါင်းစပ်လိုက်သောအခါ ကုန်ပစ္စည်းအသစ်အဆန်းများ အလျှံပယ်ထွက်လာသည်။ ကုန်ကျစရိတ်များလည်း ကျဆင်းသွားသည်။ စားသုံးသူများ အလွယ်တကူ လက်ခံသုံးစွဲနိုင်စေသည်။ သတင်းအချက်အလက် သန်းထောင်ချီရှိနေသော ကွန်ယက်များကို အသုံးပြု၍ ရှာဖွေတွေ့ရှိမှုအမျိုးမျိုး၊ အသစ်အဆန်းတီထွင်မှုအမျိုးမျိုးတို့ကို ကမ္ဘာ့သမိုင်းတွင် မည်သည့်ခေတ်ကာလနှင့်မျှ မယှဉ်နိုင်အောင် ပြုလုပ်နိုင်ကြပြီဖြစ်သည်။ လွန်ခဲ့သည့်ဆယ်နှစ်က တစ်လမကရှာဖွေရမည့် သတင်းအချက်အလက်များကို ယနေ့အခါ နာရီအနည်းငယ်ဖြင့် ပြီးနိုင်နေပြီ ဖြစ်သည်။ ဤအတွေ့အကြုံသည် လူသားတစ်ဦးချင်းစိတ်စွမ်းရည်ကို အဆမတန်မြင့်မားစေသည်မှာအမှန်ပင်ဖြစ်ပါသည်။ ဤသို့ တစ်ဦးချင်းစွမ်းရည်ရှိသူများသည် ဘေးတိုက်ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းအသစ်များကို အသုံးပြု၍ အချင်းချင်းပေါင်းစည်းမှုများ ပိုလုပ်လာနိုင်သောအခါ ရှာဖွေတွေ့ရှိမှုအမျိုးမျိုး၊ အသစ်အဆန်းတီထွင်မှုအဖုံဖုံ ထပ်မံဖြစ်ပေါ်စေပါသည်။ အလားတူ အသိပညာကျွမ်းကျင်မှုနှင့် အားထုတ်မှုအချိန်ကိုက်ဖြစ်နေကြသူများအတွက် ဖွံ့ဖြိုးတိုးတက်မှုများသည် ထပ်တိုးနည်းဖြင့် ဖြစ်ထွန်းအောင်မြင်နေကြစေကာမူ နည်းပညာအသစ်ကိုလည်းပေမမှီ၊ အရိုးစွဲနေသော စီမံခန့်ခွဲမှုစနစ်ဟောင်း ဒေါက်တိုင်ကိုလည်းမဖြုတ်နိုင်၊ မပြင်နိုင်ကြသေးသူများအတွက် အသစ်တီထွင်မှုလည်းမလုပ်နိုင်၊ ကုန်ထုတ်စွမ်းအားလည်း သိသိသာသာမတိုးတက်နိုင်ပါ။

ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုလှိုင်းတံပိုးကြီး ရိုက်ခတ်နေချိန်တွင် ပိုမိုများပြားသောလူများသည် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ပစ္စည်းကိရိယာအသစ်၊ ဖွဲ့စည်းမှုပုံသဏ္ဌာန်အသစ်များဖြင့် အသင့်ဖြစ်လျက်ရှိနေကြပါသည်။ လိုအပ်သောအတတ်ပညာ၊ ကျွမ်းကျင်မှုတို့ကို မိမိကိုယ်နှင့်အပ်စပ်အောင် အလိုက်သင့်ခံယူပြုပြင်ပြီး၊ မြန်မြန်ဆန်ဆန် သင်ယူဖြည့်ဆည်းနိုင်သူသည် အောင်ပွဲခံပါလိမ့်မည်။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမဆို မြန်မြန်ဆန်ဆန် အလိုက်သင့်လှည့်ပြောင်းနိုင်သူသည် သက်ကယ်ရာဘာလှေပေါ်ရောက်မည်။ ထိုလှေသည် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုလှိုင်းတံပိုးကြီးအပေါ်မှ လိုရာခရီးကို စောစီးစွာအရောက်ပို့ပေးနိုင်ပါမည်။ အယူအဆဟောင်း၊ အတွေးအမြင်ဟောင်းတစ်ခုကို ကျားကုပ်ကျားခဲ ဆုပ်ကိုင်ထားသူသည် ရေအောက်တစ်ပိုင်းမြုပ်နေသည့် ကျောက်ဆောင်ကျောက်တုံးတွင် ပုန်းကွယ်နေသူဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့တွင် ရွေးချယ်စရာနည်းလမ်းနှစ်သွယ်သာ ရှိပါသည်။ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုလှိုင်းလုံးကြီးတက်လာနေချိန်တွင် ကျွန်ုပ်တို့သည် အဖွဲ့အစည်း၏အစွမ်းအစများကို ယုံကြည်မှုရှိရှိဖြင့် လှေပေါ်မှတက်ညီလက်ညီ လှော်ခတ်သွားကြမလား၊ မြုပ်နေသောကျောက်ဆောင်ကျောက်တုံးကို အကာအကွယ်ပြု၍ ပုန်းခိုကြမလားဟူ၍ဖြစ်ပါသည်။ အရှိန်အဟုန်နှင့်တက်လာနေသော ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုလှိုင်းလုံးကြီးများအခြေအနေကို နကန်းတစ်လုံးမျှမသိဘဲ ငေးမောတွေဝေနေလျှင်မူ သနားမည့်သူပင်ရှိမည်မဟုတ်ပါ။ ကမ္ဘာဦးခေတ်က ဥက္ကာပျံကြီးများ ကမ္ဘာမြေကြီးကို ဝင်ဆောင့်ခဲ့သည့်အရှိန်အဟုန်ကြောင့် ကိုယ့်ကိုယ်ကိုအလိုက်သင့်ပြုပြင်ပြောင်းလဲမှုများ မပြုလုပ်နိုင်ကြသည့် ကမ္ဘာဦးသတ္တဝါ ဒိုင်နိုဆောများ မျိုးပြုန်းခဲ့ရသည့်အဖြစ်ကို နမူနာထား၍ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်နေသော ဤခေတ်တွင်လည်း ကိုယ့်ကိုယ်ကို အလိုက်သင့်မလှည့်မပြောင်းနိုင်သူများ ရှင်သန်နိုင်လိမ့်မည်မဟုတ်ဟု ကျွမ်းကျင်သူများ၏ နိမိတ်ပြဆော်သြမှုကို အလျဉ်းသင့်၍ ဖော်ပြလိုက်ပါသည်။

## ဘယ်လိုရှင်သန်နိုင်မည်လဲ

ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုလှိုင်းတံပိုးကြီး ရိုက်ခတ်လိုက်သောအခါ ကမ္ဘာကြီးသည် သဲသောင်ပြင်တစ်ခုကဲ့သို့ မို့မောက်သော အစိတ်အပိုင်းများပြိုလဲသွား၏။ နိမ့်ဝှမ်းသောချိုင့်ခွက်များ ပြည့်လျှမ်းလာ၏။ ထက်အောက်ကြီးကြပ်ကွပ်ကဲမှုစနစ်အပေါ် အတိုက်အခိုက်ခံရပြီး ပြိုလဲမှုများဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။ ဘေးတိုက်ပူးပေါင်းဆောင်ရွက်ရသောစနစ်များ ပိုမိုအားကောင်းလာသည်။ အင်တာနက်နှင့် အီးမေးလ်စနစ်များကြောင့် မည်သူကမဆို၊ မည်သူ့ကိုမဆို ဆက်သွယ်ပြောဆိုလာနိုင်သည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်း ယှဉ်ပြိုင်မှုများ အကြီးအကျယ်တိုးပွားလာကြသည်။ ပိုမိုလွယ်ကူစွာယှဉ်ပြိုင်နိုင်ရေးအတွက်လည်း ဗဟိုဦးစီးချုပ်ကိုင်မှုများကို လျှော့ချပေးလာကြရသည်။ ဗဟိုဦးစီးစနစ် မလျှော့ချနိုင်သရွေ့ အချင်းချင်းယှဉ်ပြိုင်မှုတွင် မည်သည့်နည်းနှင့်မျှ အနိုင်မရနိုင်သည်ကို သဘောပေါက်လာကြသည်။ ထို့ကြောင့် ဗဟိုဦးစီးချုပ်ကိုင်မှုနှင့် မိမိ၏အဖွဲ့အစည်း

တိုးတက်ဖွံ့ဖြိုးရေးအလေးနှစ်ခုကို မလွဲသာမရှောင်သာ ချိန်ခွင်လျှာညှိလာကြရသည်။ ဤအခြေအနေနှစ်ရပ်ကို မှန်ကန်စွာ ချိန်ခွင်လျှာညှိနိုင်စွမ်းရှိခြင်းသည် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုကာလကြီးတွင် ရှင်သန်ရန် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

နည်းပညာအသစ်အဆန်းများ အလျှံပယ်ပေါ်ထွက်လာခြင်း၏ နောက်ဆက်တွဲအဖြစ် ထုတ်ကုန်ပစ္စည်းအများအပြားနှင့် တစ်ပြိုင်တည်းတွင် အလုပ်အကိုင်အခွင့်အလမ်း အပြောက်အမြားပေါ်ထွက်လာနေပါသည်။ အများဆုံးလိုအပ်သော အလုပ်အကိုင်မှာ ပညာလုပ်သားများ (knowledge workers) ဖြစ်ပါသည်။ ပညာလုပ်သားနေရာအတွက် အတတ်ပညာရှင်တစ်ချို့ ကူးပြောင်းရောက်ရှိသွားကြပြီး ကျွမ်းကျင်လုပ်သားတစ်ချို့ တက်လှမ်းလာခဲ့ကြပါသည်။ ကျွမ်းကျင်လုပ်သားနေရာသို့ တက္ကသိုလ်ပညာတတ်များနှင့် အထွေထွေလုပ်သားများက တက်လှမ်းနိုင်သူများ ရောက်လာကြသည်။ ထို့ကြောင့် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုကာလတွင် ရှင်သန်လိုသောအဖွဲ့အစည်းတိုင်းသည် မိမိတို့၏အတတ်ပညာနှင့် ကျွမ်းကျင်မှုကို အမြဲမြှင့်တင်နေကြရပါမည်။ ဤအချက်သည် ဒုတိယလိုအပ်ချက်ဖြစ်ပါသည်။ ကမ္ဘာကြီးသည် တစ်နေ့တစ်ခြား လူတို့၏အတတ်ပညာကျွမ်းကျင်မှုနှင့်ဖွဲ့လုံ့လတို့ကို အမြဲယှဉ်ပြိုင်နေရသည့်ပြိုင်ပွဲကွင်းကြီးအဖြစ် မှတ်ယူသင့်ပါသည်။ မြင့်မားလာသောနည်းပညာအဆင့်အတန်းကို လိုက်မမှီသူတို့သည် လုံလောက်သည့်ကြိုးစားအားထုတ်မှုကို နည်းမှန်လမ်းမှန်မပြုပါက အလုပ်လက်မဲ့ပြဿနာများနှင့် ဆင်းရဲတွင်းမှမတက်နိုင်သည့်ပြဿနာများရှိနေမည်ဖြစ်ပါသည်။ ထို့ကြောင့် မြောက်မြားစွာသောအလုပ်သမားများကို အချိန်မီလေ့ကျင့်သင်ကြားပေးရမည့်အလုပ်မှာ အဖွဲ့အစည်းအကြီးအမှူးများ၏တာဝန်ပင်ဖြစ်သည်။ အဖွဲ့အစည်းတိုင်းသည် အကောင်းဆုံးလေ့ကျင့်ပေးထားသည့်ပညာတတ်အင်အားစုမရှိဘဲ အထက်ပါပြိုင်ပွဲကွင်းကြီးအတွင်း၌ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ယှဉ်ပြိုင်မှုကို ဘယ်လိုမျှရင်ဆိုင်နိုင်မည်မဟုတ်ပါ။ တစ်ဖန် အဖွဲ့အစည်းတစ်ခုနှင့်အခြားတစ်ခုပညာကွာဟချက် (ဘာသာရပ်အလိုက် ပညာတတ်အရည်အချင်းနှင့် အရေအတွက်ကွာဟချက်) ကို အသေအချာတွက်ချက်တတ်ရန် အလွန်အရေးကြီးပါသည်။ ဤကွာဟချက်ကြောင့် ဖြစ်ပေါ်လာသော အကျပ်အတည်းများကို အသိအမှတ်ပြုနားလည်သဘောပေါက်နိုင်မှသာ ပညာအရင်းအမြစ်ရှာဖွေစုဆောင်းရေးမဟာဗျူဟာကို မှန်ကန်စွာရွေးချယ်ပေးနိုင်ပါမည်။ ဤခေတ်တွင်နောက်ကျကျန်ခဲ့သော ကိုယ့်အခြေအနေမှန်ကိုကိုယ်မသိလျှင် "လှုပ်လေ၊ မြုပ်လေ" ဖြစ်ပြီး အများသံသရာဝဲသြဃမှ လွတ်လမ်းမမြင်ပါ။

ယခုခေတ်တွင် ပညာရှင်များကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်းသုံးသောစနစ်မျိုးမရှိတော့ပါ။ အထူးပြုနယ်ပယ်အလိုက် အစုအဖွဲ့နှင့်သုံးမှသာ အမှားအယွင်းနည်းပြီး အခြားသူများထက်သာလွန်သောယှဉ်ပြိုင်နိုင်စွမ်းရရှိပါမည်။ ပညာရှင်အလွန်အရေးကြီးသောအချိန်တွင် ရှိရင်းစွဲပညာရှင်များ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ ပညာ၊ ရာထူး၊ လုပ်ပိုင်ခွင့်မျှတရေး၊ တန်ဖိုးရှိရှိထိုက်ထိုက်တန်တန် အသုံးချရေးသည် အဖွဲ့အစည်း၏ဖွံ့ဖြိုးတိုးတက်ရေးမူဖြစ်သင့်ပါသည်။ ဤမူကိုပင်လျှင် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချွေတာခြိုးခြံရေးမူအဖြစ်လည်း ရှုမြင်နိုင်ပါသည်။ သို့ရာတွင် ပညာရှင်အစုအဖွဲ့ရှိရုံမျှဖြင့် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုပြိုင်ပွဲကွင်းကြီးတွင် ပြိုင်ပွဲဝင်ရန် အသင့်မဖြစ်သေးပါ။ ၎င်းတို့တွင် တပ်ဆင်ပေးရန် ပြိုင်ပွဲဝင်ချပ်ဝတ်တန်ဆာ၊ စိတ်ကူးအတိုင်း ပုံဖော်ပေးရန် လက်သုံးကိရိယာ၊ ဆွဲဆောင်စုစည်းထားရန် မက်လုံးတို့လိုပါသေးသည်။ အရင်းအနှီးမြောက်မြားစွာလိုပါသည်။ အိပ်ကပ်အတွင်းမှ အရင်းအနှီးအနည်းငယ်မျှနှင့် မည်သို့မျှမလုံလောက်နိုင်ပါ။ ထို့ကြောင့် ပြင်ပမှအရင်းအနှီးများစီးဝင်လာအောင် ဆွဲဆောင်နိုင်စွမ်းရှိရပါမည်။ အရင်းအနှီး၏သဘာဝသည် လင်ပန်းထဲမှရေကဲ့သို့ တစ်ချက်လှုပ်လိုက်သည်နှင့် ခုခံမှုအနည်းဆုံးနေရာသို့ စီးဆင်းသွားလေ့ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အဖွဲ့အစည်းကို ခုခံမှုအနည်းဆုံးဖြစ်အောင် မည်သို့ပြင်ပြီး၊ အရင်းအနှီးဝင်လာအောင် မည်သို့လမ်းကြောင်းပေးရမည် နားလည်သဘောပေါက်ရန်အချက်သည် အဖွဲ့အစည်းရှင်သန်ရေးအတွက် တတိယလိုအပ်ချက်ဖြစ်ပါသည်။

**အလိုမကျစရာများ**

ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုသည် ရှောင်လွှဲ၍မရ၊ တားဆီး၍မရ၊ ပုန်းကွယ်၍မရဟုဆိုကြသော်လည်း ဤအယူအဆအပေါ် ဆန့်ကျင်သူများရှိနေကြဆဲဖြစ်သည်ကိုလည်း သိထားကြရန်လိုပါသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မတိုင်မီက ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုသည် အမေရိကန်မှုပြုခြင်း (Americanization) ဟု ရှုမြင်ကြသူအများအပြားရှိခဲ့ကြပါသည်။ ၂၁ ရာစုဝင်စပြုသည်နှင့်

တရုပ်၊ အိန္ဒိယ၊ အရှေ့ဥရောပနိုင်ငံတို့သည် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု၏ အကျိုးကျေးဇူးများကိုခံစားပြီး တစ်မဟုတ်ချင်းကြီးပွားလာကြသောအခါ ဖွံ့ဖြိုးဆဲနိုင်ငံများအရေး ရှေ့တန်းတင်၍ ကြွေးကြော်ခဲ့ကြသော ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုအပေါ် ဆန့်ကျင်သူများ၏ လှုပ်ရှားမှုများမှေးမှိန်သွားခဲ့ပါသည်။ သို့ရာတွင် အစဉ်အလာတန်ဖိုးများဆုံးရှုံးသွားလေမလား၊ အမျိုးသားအရေးအလေးမထားတော့သည့်အခြေအနေသို့ ရောက်သွားမလား အစရှိသဖြင့် အလိုမကျသူများ အများအပြားရှိနေကြဆဲဖြစ်ပါသည်။ ထိုသို့ အလိုမကျသူများတွင် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုကိုရှောင်လွှဲခြင်း၊ တားဆီးခြင်း၊ ပုန်းကွယ်ခြင်းမပြုလိုသော်လည်း ထိန်းကျောင်းပြုပြင်ပေးရန် လိုလားသူများအပါအဝင်ဖြစ်ပါသည်။ ထိုသူများက ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုကို အပြုသဘောပုံဆောင်ပေးရန်လိုအပ်ကြောင်း၊ သူ့သဘောနှင့်သူလွှယ်ထားလျှင် အလွန်ကြီးမားသောအန္တရာယ်နှင့် မလွဲမသွေရင်ဆိုင်ရနိုင်ကြောင်း မျှော်တွေးကြပါသည်။ နိုင်ငံများ၏စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုရေးရာတို့တွင် တစ်ဖက်စောင်းနင်းအနေအထားသို့ရောက်သွားပြီး လူများသည်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်အစား တဖြည်းဖြည်းပို၍ဝေးကွာလှမ်းလာပြီး နာကြည်းမုန်းတီးမှုများ တိုးပွားလာနိုင်သည်ဟု သုံးသပ်ကြပါသည်။

ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုလှိုင်းဒဏ်ကို အသင့်ခံနိုင်ရည်ရှိရန် ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၏ ပြတင်းတံခါးများ ကျယ်ကျယ်ဖွင့်ထားရပါသည်။ သို့ရာတွင် မည်သူမဆို အစပထမတွင် ထိုသို့ဖွင့်ထားရန် ဝန်လေးတတ်ကြပါသည်။ ယုံကြည်မှုမရှိလျှင် တံခါးဖွင့်၍မရပါ။ ထိုအတူ ယုံကြည်မှုမရှိလျှင် ပူးပေါင်းဆောင်ရွက်မှုလည်းမရှိနိုင်ပါ။ ယုံကြည်မှုရရှိရန် အလေ့အကျင့်နှင့် စွန့်စားမှုလိုပါသည်။ အဖွဲ့အစည်းများသည် လူသစ်လေထီးသမားကဲ့သို့ တစ်စုံတစ်ယောက်က တင်ပါးပုတ်ပေးလိုက်မှ လေယာဉ်တံခါးအဝမှ ခုန်ထွက်ရဲတတ်ကြပါသည်။ ထို့ကြောင့် အဖွဲ့အစည်းတိုင်းတွင် လေထီးနည်းပြဆရာများကဲ့သို့ တင်ပါးပုတ်၍ အချက်ပေးနိုင်သောခေါင်းဆောင်များ လိုအပ်ပါသည်။ အလားတူ ခေါင်းဆောင်များမရှိသရွေ့ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုနှင့် အံဝင်ဂွင်ကျသော ပြောင်းလဲမှုများဖြစ်လာရန် အလားအလာမရှိပါ။ အဖွဲ့အစည်းများသည် အကျိုးအမြတ်တော့ခံစားချင်သည်။ ပေးဆပ်မှုတော့ မလုပ်လိုသောကြောင့် ရှေ့တည့်တည့်အပေါက်မှလွဲ၍ ကျန်အပေါက်များ ပိတ်မြဲတိုင်းပိတ်ထားလိုကြသည်။ တံခါးများကို တဖြည်းဖြည်းချင်းဖွင့်ပေးသောနည်းသည် ၂၀ ရာစုအကုန်ကာလအတွက် အံဝင်ဂွင်ကျရှိခဲ့ပါသည်။ သို့ရာတွင် အနာဂတ်အတွက် အဖြေဟုတွက်ဆ၍မရပါ။ အဘယ့်ကြောင့်ဆိုသော် လက်ရှိကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုအရှိန်အဟုန်သည် အလွန်ကြီးမားနေပြီဖြစ်သောကြောင့်ဖြစ်ပါသည်။ ဘူတာမှထွက်စမီးရထားကြီးသည် အမြင့်ဆုံးအရှိန်မဟုတ်သေးသော်လည်း တစ်စတစ်စပိုမြန်လာနေပါပြီ၊ အလိုမကျမှုများဖြင့် တွေဝေနေလျှင် ဤရထားကြီးဖြင့်လိုက်ပါရန် အခွင့်အရေးနည်းသည်ထက်နည်းလာချေပြီဖြစ်ပါသည်။

**စိုးရိမ်ထိတ်လန့်စရာများ**

ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုသည် ကျွန်ုပ်တို့အတွက် မျှော်လင့်ချက်များနှင့် စိုးရိမ်ထိတ်လန့်စရာများ အညီအမျှခွဲဝေပေးထားပါသည်။ တစ်ချိန်က ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုသည် မြင့်မားသောနှုန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများအတွက် အဖက်ဖက်မှ အကျိုးအမြတ်ရစရာချည်းဟု ထင်ခဲ့ရပါသည်။ ယခုအခါ လက်တွေ့ဖြစ်ရပ်များအရ ၄င်းနိုင်ငံများတွင်လည်း အကျိုးကျေးဇူးနှင့် အဆုံးအရှုံးပြိုင်တူဖြစ်ပေါ်ခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများအတွက်မူ အခွင့်အရေးအနည်းငယ်ခံစားရနိုင်ရန်အတွက် ဒုက္ခကြီးစွာခံရမည့်ကိန်းဆိုက်လျက်ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့အား ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု၏ အကျိုးကျေးဇူးကိုခံစားနိုင်ရန် အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့်အရင်းအနှီးလုံးဝနီးနီးမရှိသည့်အပြင် အင်အားနည်းသူ၏ သံသယစိတ်ဖြင့် မည်သူ့ကိုမျှ ယုံကြည်စိတ်ချခြင်းမပြုနိုင်၊ ပူးပေါင်းဆောင်ရွက်ခြင်းမပြုနိုင်သောကြောင့်ဖြစ်ပါသည်။ ဤနိုင်ငံများအတွက် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုသည် "ဆုပ်စူး၊ စားရူး" ဆိုသကဲ့သို့ အလွန်ကြီးမားသောစိန်ခေါ်မှုကြီးအဖြစ် ရှိနေဆဲဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုကြောင့် အကျိုးကျေးဇူးများစွာခံစားရသော အခြားနိုင်ငံများကလည်း ကမ္ဘာလုံးဆိုင်ရာအမြင်ရှိသင့်သလောက်မရှိကြသေးဘဲ ၄င်းတို့၏အမျိုးသားရေးအကျိုးစီးပွားအတွက် ရနိုင်သမျှအမြတ်ထုတ်ရန် ကြိုးစားနေကြဆဲဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသည် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု၏ စိန်ခေါ်မှုကိုလည်းကြောက်ရ၊ အခြားနိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားအတွက် နယ်စပ်ဖြတ်ကျော်အမြတ်ထုတ်ခံရမည့်အရေးလည်းကြောက်ရသဖြင့် စိုးရိမ်ထိတ်လန့်စရာများ "ဘူးလေးရာဖရုံဆင့်" လို့နေပါတော့သည်။ အကယ်၍ ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုသည် အခွင့်အရေးတစ်ရပ်မဟုတ်ဘဲ ခြိမ်းခြောက်မှုအဖြစ်သာ ရှုမြင်လာ

ကြပါက လူ့အဖွဲ့အစည်းအစိတ်အပိုင်းတစ်ရပ်၏ ဆန့်ကျင်ရှုတ်ချခြင်းများသော်လည်းကောင်း၊ ရုန်းရင်းကြမ်းတမ်းသော တုံ့ပြန်မှု အရေးအခင်းများသော်လည်းကောင်း ဖြစ်ပေါ်လာနိုင်ပါသည်။

## ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုအားပုံသွင်းခြင်း

မည်သို့ဆိုစေကာမူ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုသည် သဘာဝအတိုင်း သူ့သဘောသူဆောင်ပြီး ပေါ်ပေါက်လာခြင်းတော့ မဟုတ်ပါ။ လူသားများ၏ အလိုဆန္ဒအရ ဖန်တီးရယူခဲ့၍ ပေါ်ပေါက်လာရခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာလွှမ်းခြုံ ဖြစ်ပေါ်ခြင်းကိုပြုပြင်ရန်၊ သို့မဟုတ် ပုံသွင်းရန် ဖြစ်နိုင်မဖြစ်နိုင်ဟူသောမေးခွန်းကို မေးနေစရာမလိုတော့ပါ။ မည်သူက မည်ကဲ့သို့ ပုံသွင်းကြမလဲဟူ၍သာ မေးရန်ရှိပါသည်။ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်ခြင်းကို လူသားတိုင်းအတွက် အကျိုးကျေးဇူးခံစားရရှိစေရန်၊ ထိုသို့ အကျိုးကျေးဇူးရှိကြောင်း မည်သည့်ဒေသမှ မည်သူတစ်ဦးတစ်ယောက်မဆို မျက်မြင်ကိုယ်တွေ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပုံသွန်းပေါင်းစပ်ပေးရပါမည်။ ထိုသို့ ပုံစံဝင်လာစေရန် ကျွန်ုပ်တို့သည် လူမှုရေးရာအပိုင်းကို အရေးတကြီး သဘောထားစဉ်းစား သင့်ပါသည်။ မညီမျှမှုများနှင့် ဆင်းရဲနွမ်းပါးမှုများကို တိုက်ဖျက်ရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်စွမ်းရှိရပါမည်။ ဆိုလိုသည်မှာ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၏ စိန်ခေါ်ချက်များကို ခါးကော့အောင် ခံစားနေရသည့် ဆင်းရဲနွမ်းပါးသောနိုင်ငံများသည် အကျိုးကျေးဇူးခံစားရာတွင် ချမ်းသာသောနိုင်ငံများနည်းတူ ဦးစားပေးမှုရရှိအောင် အခြေအနေဖန်တီးပေးရန် လိုအပ်ချက်ကို ထောက်ပြနေခြင်းသာဖြစ်သည်။

ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၏ စိန်ခေါ်ခြင်းများသည် အလွန်ကျယ်ပြန့်ပြီး ခက်ခဲရှုပ်ထွေးလွန်းလှပါသည်။ ယင်းတို့ကို မည်သူ တစ်ဦးတစ်ယောက်တည်းကမျှ ဒိုင်ခံဖြေရှင်းရန် မစွမ်းဆောင်နိုင်ပါ။ ကမ္ဘာသူကမ္ဘာသားအများက မျှဝေရင်ဆိုင်နေကြရပါသည်။ ထို့ကြောင့် ကမ္ဘာသူကမ္ဘာသားတစ်ဦးချင်းစီသည် ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၏ အကျိုးကျေးဇူးကို ကိုယ်တိုင်ဆုံဆည်းခွင့်၊ ခံစားခွင့် ရထိုက်သည့်အချက်မှာ သဘာဝကျပြီး မျှတမှုလည်းရှိပါသည်။ ဤမျှတသောလမ်းစဉ်အတိုင်း ဖြစ်ပေါ်လာစေရန် ကျွန်ုပ်တို့ သည် ပို၍တာဝန်ယူကြရပါမည်။ ပိုမို၍စုစည်းညီညွတ်မှုရှိကြရပါမည်။ ပိုမို၍ပူးပေါင်းဆောင်ရွက်ကြရပါမည်။ ကမ္ဘာလွှမ်းခြုံ ဖြစ်ပေါ်မှုကြီးကို ပုံသွန်းလောင်းရန် မည်သည့်အကြောင်းပြချက်နှင့်မျှ နှောင့်နှေးမနေစေသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ကိုယ်တိုင်အားထုတ်မှုမပြုခဲ့လျှင် ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုသည် သူ့သဘောနှင့်သူ မည်သည့်အခါတွင်မျှ မျှတမှုရှိလာလိမ့်မည် မဟုတ်သောကြောင့်ဖြစ်ပါသည်။

## မျှတသောကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုဆီသို့

၂၀၀၆ နိုဝင်ဘာလတွင် ဘာလင်မြို့၌ "မျှတသောကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုဆီသို့" ဟူသောခေါင်းစဉ်ဖြင့် ကွန်ဖရင့်တစ်ရပ် ပြုလုပ်ခဲ့ရာ ရည်ရွယ်ချက်မှာ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၏ လူမှုရေးမျက်နှာစာတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရန်အတွက် နိုင်ငံအဆင့်၊ ဥရောပဒေသအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်တို့တွင် ရှေ့ဆက်လက်လုပ်သင့်လုပ်ထိုက်သည်များ ဆွေးနွေးကြရန်ဖြစ်ပါသည်။ ဤကွန်ဖရင့်၏ပထမနေ့တွင် ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၏အကျိုးဆက်အဖြစ် "ပြည့်စုံကောင်းမွန်သောအလုပ်အကိုင်အယူအဆ" အကြောင်း ဆွေးနွေးခဲ့ကြပြီး ဒုတိယနေ့တွင် လူမှုရေးအရ မျှတသောကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ၎င်းကွန်ဖရင့်၏ရလဒ်များကို အခြေခံမှုများနှင့် ပန်းတိုင်များအဖြစ်သတ်မှတ်ပြီး ယခုနှစ်တွင် ပြင်သစ်၌ ဆက်လက်ဆွေးနွေးကြဦးမည်ဖြစ်ပါသည်။

မျှတသောကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုဆီသို့ဦးတည်သော လှုပ်ရှားမှု၊ မက်လုံးပေးမှုများကို ကြီးပွားချမ်းသာသော နိုင်ငံတစ်ချို့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကျွမ်းကျင်သူများက ဆောင်ရွက်နေကြခြင်းမှာ ၎င်းတို့ယူရမည့်တာဝန်ကို ပိုယူလာကြခြင်းဖြစ်သည့် အတွက် ကြိုဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင် စုစည်းညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှ အကောင်အထည်ဖော်သောအခြေအနေ သို့ရောက်ရန် အချိန်စောင့်ကြရဦးမည်ဖြစ်သည်။ အလားတူ အာရှပစိဖိတ်ဒေသတွင်လည်း ပြည့်စုံကောင်းမွန်သော အလုပ်အကိုင် အယူအဆကို သက်ဆိုင်ရာအဖွဲ့အစည်းက ဖြန့်ဖြူးပေးလျက်ရှိသည်ကိုတွေ့ရပါသည်။

မည်သို့ပင်ဖြစ်စေ မျှတသောကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုကို ကနဦးအဆင့် စတင်ကိုင်တွယ်ရမည်မှာ နိုင်ငံအဆင့်မှဖြစ်ပါသည်။ တစ်နည်းအားဖြင့် စုစည်းညီညွတ်မှုသည် ကိုယ့်ရပ်ကိုယ့်မြေမှစတင်သည်ဟု ဆိုရပါမည်။ ကျွန်ုပ်တို့တွင် တူညီသောတန်ဖိုးထားမှုများရှိရပါမည်။ နိုင်ငံတကာစံနှုန်းကို သိနားလည်ရုံမျှမက ကျွန်ုပ်တို့၏ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် အသုံးချနိုင်ရပါမည်။ ကျွန်ုပ်တို့၏စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာလုပ်ငန်းများသည် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များကို လိုက်နာကြစေရန် အားပေးကြရပါမည်။

မျှတသောကမ္ဘာ့လွှမ်းခြုံမှုကို ခံယူရရှိစေရန်အတွက် ကျွန်ုပ်တို့သည် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို မျှတသောအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစည်းမျဉ်းများနှင့် အညီအညွတ်ဖြစ်အောင် အထူးဂရုစိုက်ကြရပါမည်။ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် ဒေသန္တရအဆင့်မှသည် အပြည်ပြည်ဆိုင်ရာအဆင့်အထိ ပူးပေါင်းဆောင်ရွက်မှုကွန်ယက်ကို အကောင်းမြင်ဖြင့် ဖွဲ့စည်းထူထောင်ပေးရန် လိုအပ်ပါသည်။ ထိုကွန်ယက်တွင်ပါဝင်သောအဖွဲ့ဝင်များသည် အချင်းချင်း အားကိုးအားထားပြုနိုင်သော ရေရှည်လက်တွဲဖော်များအဖြစ် “ဈေးကွက်ထက် လူသားလိုအပ်ချက်ကို ပိုမိုအလေးပေးရမည်ဟူသော ခံယူချက်” ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

**နိဂုံး**

ကျွန်ုပ်တို့သည် ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုကို ကနဦးအဆင့်တုံ့ပြန်ရာ၌ အခြားသူများနှင့် ပူးတွဲသဘောတူညီထားသော ပန်းတိုင်များအတိုင်း ဆီလျော်ညီညွတ်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ သို့မှသာ အပြည်ပြည်ဆိုင်ရာအဆင့်၌ ပေါင်းစည်းထားသော ကြိုးပမ်းအားထုတ်မှုများ အောင်မြင်မှုရရှိစေပါမည်။ ကမ္ဘာသူကမ္ဘာသားများ၏ လူမှုရေးစံနှုန်းများ မည်သို့သတ်မှတ်အကောင်အထည်ဖော်သည်၊ မည်ကဲ့သို့အကာအကွယ်ပြုပေးကြသည်ကို အချင်းချင်းထံမှ လေ့လာသင်ယူကြရပါမည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုများတွင် လိုက်နာစောင့်ထိန်းရမည့် စည်းမျဉ်းစည်းကမ်းများကို အထက်ပါစံနှုန်းများဖြင့် တိုင်းတာ၍ သဘောတူညီချက်များထားရှိရန် လိုအပ်ပါသည်။

အထက်ပါသဘောတူညီချက်များပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒသည် ကျွန်ုပ်တို့မျှော်လင့်နေသည့်မျှတသော ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှု၏ အရေးကြီးသော လက်သုံးကိရိယာတစ်ခုဖြစ်လာပါမည်။ မျှတသောလုပ်ထုံးလုပ်နည်းများနှင့် ကောင်းမွန်သော အုပ်ချုပ်ပုံ (good governance) ကောင်းမွန်သောအုပ်ချုပ်ပုံဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအဝန်းအဝိုင်းမှ ဇာတ်ကောင်များသည် သီးသန့်သတ်မှတ်ထားသော စံနှုန်းနှင့်စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာလျက် ပူးတွဲညီညွတ်စွာ လှုပ်ရှားအကောင်အထည်ဖော်သောလုပ်နည်းကို ဆိုလိုပါသည်။ စည်းမျဉ်းစည်းကမ်းများကို စွဲမြဲစွာစောင့်ထိန်းလိုက်နာမှုကို အခြေခံထားသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ပို၍အရေးကြီးပါသည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာသူကမ္ဘာသားများ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့် ကြီးပွားတိုးတက်ရေးအတွက် အဓိကချဉ်းကပ်ရာလမ်းကြောင်းပင်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မင်းဗထူး